# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
## (၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၁း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၁၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၆.၉၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၄-၄-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏စာရင်းကို ကျွန်တော်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၁၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၂) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၃ ရက်၊

(၃) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၅ ရက်၊

(၄) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ် ခွင့် ၃ ရက်၊

(၅) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၂ ရက်၊

(၆) ကွန့်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၂ ရက်၊

(၇) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၂ ရက်၊

(၈) နမ့်တူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၁ ရက်၊

(၉) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၂ ရက်၊

(၁၀) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၂ ရက်၊

(၁၁) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၂ ရက်၊

(၁၂) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် အစည်းအဝေးပြီးဆုံးသည်ထိနှင့်

(၁၃) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားထားသူမရှိပါ။ ယနေ့ ခွင့်ပန်ကြားထားသူ ၁၃ ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားထားသူ ၁၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ မရှိပါ။ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို ၁-၄-၂၀၁၆ ရက်နေ့တွင် လက်ခံရရှိကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။ ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဥပဒေကြမ်းမိတ္တူများကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၈ နည်းဥပဒေခွဲ(ခ)အရ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်ပြရန်အတွက် ဆက်လက်ဆောင်ရွက်ရန်ဖြစ်၍ အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ အစည်းအဝေးကို နေ့လယ် တစ်နာရီတွင် ပြန်လည်စတင်မှာ ဖြစ်ပါတယ်။

အချိန်၊ ၁၁း၁၀။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေး ဒုတိယပိုင်းကို နေ့လယ် ၁၃း၀၀ နာရီမှာ ပြန်လည် စတင်မှာဖြစ်ပါတယ်။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ အစည်းအဝေးကို ၂ နာရီခန့် ခေတ္တရပ်နားပါသည်။]

အချိန်၊ ၁၃း၁၀။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ နည်းဥပဒေခွဲ(ခ)အရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာ တင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်အပ်ပါတယ်။

**ဦးထွန်းထွန်းဟိန်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်သည် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ နောင်ချိုမဲဆန္ဒနယ်မှ ဖြစ်ပြီး အမျိုးသားလွှတ်တော်မှ ပေးပို့လာတဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းအပေါ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)/၂၀၁၆-၇၂

ရက်စွဲ ၊ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၄ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၁-၄-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/၂၀၁၆-၅၃

၁။ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် (ဥပဒေကြမ်းကော်မတီဝင်) က တင်သွင်းသော နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၃၁-၃-၂၀၁၆ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၁-၄-၂၀၁၆ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ ဤဥပဒေကြမ်းကို အောက်ဖော်ပြပါရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည် -

(က) ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် ပီပြင်ရေး၊

(ဂ) ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော် တည်ဆောက်ရေး၊

**မူကြမ်း**

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး

ယင်းတို့ကို အကောင်အထည်ဖော်နိုင်ရန် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပြည်သူအများစုတို့က ယုံကြည်ကိုးစားချက်နှင့် တစ်ခဲနက် ထောက်ခံမဲပေးခဲ့ကြသော ပြည်သူတို့၏ မျှော်မှန်းချက်နှင့် အကျိုးစီးပွားများကို ရှေးရှုပံ့ပိုးဆောင်ရွက်နိုင်ရန်အတွက် သင့်လျော်သည့်ပုဂ္ဂိုလ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ဥပဒေကြမ်း၏ အပိုဒ် ၄ ပါ ဖော်ပြချက်နှင့်အညီ တာဝန်ပေးအပ်နိုင်ရန်ဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ယနေ့ ၄-၄-၂၀၁၆ ရက်နေ့ နေ့လယ် ၁၁း၃၀ နာရီအချိန်တွင် အစည်းအဝေးကျင်းပခဲ့ပြီး ဤဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ တိုက်ဆိုင်စိစစ်လေ့လာခဲ့ရာ ဤဥပဒေကြမ်းတွင် နိဒါန်း၊ အခန်းပေါင်း(၅)ခန်းနှင့် အပိုဒ်ပေါင်း(၈)ခုပါရှိပါသည်။

၄။ ဤဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ တင်သွင်းခဲ့ခြင်းဖြစ်ပြီး လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အတည်ပြုခဲ့ကြောင်း စိစစ်တွေ့ရှိခဲ့ရပါသဖြင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် အများစုသည် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုသင့်ကြောင်း သဘောတူညီကြပါသည်။

၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးစတီဖန်က ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်မှာ -

(က) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(က)၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန်အတွက် ပြန်လည်စိစစ်ရန်၊

(ခ) အခန်း(၄) အပိုဒ် ၅ အပိုဒ်ခွဲ(င)တွင်ပါရှိသော အတိုင်ပင်ခံပုဂ္ဂိုလ်၏ ချီးမြှင့်ငွေ၊ စရိတ်၊ အဆောင်အယောင်နှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် လက်ရှိ ပြည်ထောင်စုဝန်ကြီးဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့် ချီးမြှင့်ငွေစရိတ်နှင့် အဆောင်အယောင်များကို ခံစားပြီးဖြစ်သည့်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေဟု တိကျစွာ ညွှန်ပြထားခြင်းမရှိသည့်အတွက် ဝန်ကြီးဌာန တစ်ခုခုကို သတ်မှတ်ဖော်ပြနိုင်ရန်အတွက် ပြန်လည်စိစစ်ရန်လိုကြောင်း။

မူကြမ်း

၆။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဗိုလ်မှူးချုပ်မောင်မောင်က ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်မှာ -

(က) နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေ၏ အမည်တွင် နိုင်ငံတော်၏ ဟူသော စကားရပ်နေရာ၌ အခြားသင့်လျော်သည့် စကားရပ် ဥပမာ - နိုင်ငံတော်သမ္မတ၏ ကို ပြင်ဆင်ရန်၊

(ခ) နိုင်ငံတော်အတွက် အရေးကြီးသော ဤဥပဒေကြမ်းကို စိစစ်ရန်အတွက် အချိန် လုံလောက်မှုမရှိခြင်း၊

(ဂ) အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်နှစ်ရပ် ရောထွေးနေခြင်း၊

(ဃ) လက်ရှိကျင့်သုံးနေသည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော် ဟူသော စကားရပ် သုံးနှုန်းထားခြင်းမရှိကြောင်း တင်ပြခဲ့ပါသည်။

၇။ သို့ပါ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းကို အထက်ဖော်ပြပါ ပုဂ္ဂိုလ်နှစ်ဦးမှလွဲ၍ ဥပဒေကြမ်းကော်မတီဝင်အများစု၏ သဘောတူညီချက်အရ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ထွန်းထွန်းဟိန်၊ ဥက္ကဋ္ဌ ဥပဒေကြမ်းကော်မတီ။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၅-၄-၂၀၁၆ ရက်(အင်္ဂါနေ့) နံနက် ၉ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ခေတ္တညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း ကြေညာပါတယ်။

**ဗိုလ်မှူးချုပ်မောင်မောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဗိုလ်မှူးချုပ်မောင်မောင် ဖြစ်ပါတယ်။ ကျွန်တော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်းပြီးတော့ ဥပဒေကြမ်း

ကော်မတီရဲ့အစည်းအဝေးမှာလည်း ကျွန်တော့်ရဲ့ဆွေးနွေးချက်ကို ဆွေးနွေးခဲ့ပြီးတော့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌကလည်း ဆွေးနွေးချက်ကို ထည့်သွင်းပြီးတော့ စာစောကအစီရင်ခံစာမှာ ဖတ်ပြပြီးဖြစ်ပါတယ်။ ကျွန်တော် ဖြည့်စွက်တင်ပြလိုတဲ့အချက်ကတော့ ဒီဥပဒေဟာ နိုင်ငံတော်အတွက် အလွန်အရေးကြီးတဲ့ဥပဒေဖြစ်ပါတယ်။ အလွန်အရေးကြီးတဲ့ ဥပဒေဖြစ်တဲ့အတွက် ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးချိန်ကို အလုံအလောက်ပေးသင့်တယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ဥပဒေပြုတဲ့နေရာမှာ အခုလိုအချိန်တိုအတွင်း ဆောလျင်စွာဆောင်ရွက်မယ်ဆိုလို့ရှိရင်တော့ ဒီမိုကရေစီစံနှုန်းတွေနဲ့ ကိုက်ညီမှုရှိ/မရှိ၊ နောက် ပွင့်လင်းမြင်သာမှုရှိ/မရှိဆိုတဲ့ အနေအထားမျိုးတွေကိုစဉ်းစားစရာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့တော့ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်နဲ့ဆွေးနွေးနိုင်အောင် ကျွန်တော်တို့ တင်ပြလိုပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့တပ်မတော်သားများအနေနဲ့လည်း ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဥပဒေကို လိုအပ်တဲ့ပြင်ဆင်ဆွေးနွေးမှုများကို ဆောင်ရွက်မှာဖြစ်ပါတယ်။ နောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီဥပဒေကို ပြဋ္ဌာန်းတယ်ဆိုရင် ကျွန်တော်တို့တပ်မတော်သားများကနေပြီးတော့ ထောက်ခံသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဒီဥပဒေပြုတဲ့နေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုအပ်တဲ့စကားလုံးအသုံးအနှုန်းများ၊ လိုအပ်တဲ့ ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များကို ဘောင်ဝင်သွားအောင် ဆွေးနွေးမယ်ဆိုရင်တော့ ကျွန်တော်တို့လည်း အားလုံးပါဝင်ပြီးတော့ ထောက်ခံသွားမှာဖြစ်တဲ့အကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်အတွက် အလွန်အရေးကြီးတဲ့ ဒီဥပဒေကို စဉ်းစားဆွေးနွေးနိုင်ဖို့အတွက်၊ ပြင်ဆင်ချက်များ တင်သွင်းနိုင်ဖို့အတွက် အချိန်လုံလုံလောက်လောက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကျွန်တော်တို့ ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးရန် စာရင်းပေးဖို့ကို မနက်ဖြန် မနက် ၉ နာရီအထိ သတ်မှတ်ပေးထားတာရှိပါတယ်။ ကျွန်တော်တို့ အဲဒီလိုဖြစ်မှာစိုးလို့လည်း ဒီနေ့မနက် ဆွေးနွေးပြီး ညနေမတောင်းပါဘူး။ ဒါ ခါတိုင်းဆိုလို့ရှိရင် ခါတိုင်း ဥပဒေတွေမှာလုပ်ခဲ့တာဆိုလို့ရှိရင်လည်း ဒီလိုတောင်းခဲ့တဲ့အစဉ်အလာတွေရှိတာလည်း ဗိုလ်မှူးချုပ်မောင်မောင်သိပါတယ်။ အခု ဒီဟာကတော့ ကျွန်တော်တို့ ဘယ်လိုပဲကြည့်ကြည့် လာမယ့်သင်္ကြန်ကာလနီးပါပြီ။ အားလုံးဟာ သွားရေးပြန်ရေးတွေရှိကြပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီဆောင်ရွက်ထားတယ်လို့လည်း ခုနက ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာမှာ ပါပါတယ်။ ဗိုလ်မှူးချုပ်မောင်မောင်ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ထားတယ်ဆိုရင်

ပူးပေါင်းပါဝင်ဆောင်ရွက်မယ်လို့ ပြောထားတဲ့အတွက်လည်း ကျွန်တော်တို့ ကြားသိရပါတယ်။ ဒါကြောင့်မို့လို့ အခုနလို ပြင်ဆင်ချက်အဆိုကို အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအလိုက် တိတိကျကျ ဖော်ပြပြီးတော့ ဆွေးနွေးခွင့်လည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာနဲ့ပတ်သက်လို့ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေပုဒ်မ ၁၉၈ နည်းဥပဒေခွဲ(ဃ)အရ ဥက္ကဋ္ဌက သင့်လျော်တယ်လို့ ထင်မြင်ယူဆလို့ ရှိရင် အချိန်ကိုသတ်မှတ်လို့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအစီအစဉ်အတိုင်းပဲ ဆက်လက် သွားမှာဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကို အသိပေးအပ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၅ ရက် (အင်္ဂါနေ့) နေ့လယ် ၁၃း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၃း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]